နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# အကောက်ခွန်နှုန်းဥပဒေ

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၂)**

၁၃၅၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၁၉၉၂ ခုနှစ်၊ မတ်လ ၁၂ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အကောက်ခွန်နှုန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **အကောက်ခွန်** ဆိုသည်မှာ မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံသို့ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် အခွန်ကိုဆိုသည်၊

(ခ) **အကောက်ခွန်တန်ဖိုး** ဆိုသည်မှာ ဤဥပဒေအရ အကောက်ခွန်စည်းကြပ်ထိုက်သည့် ကုန်ပစ္စည်း၏အကောက်ခွန်ဆိုင်ရာ တန်ဖိုးသတ်မှတ်ချက်ကို ဆိုသည်၊

(ဂ) **အကောက်ခွန်နှုန်း** ဆိုသည်မှာ ဤဥပဒေအရ အကောက်ခွန်စည်းကြပ်ထိုက်သည့် ကုန်ပစ္စည်း၏အကောက်ခွန်ဆိုင်ရာ တန်ဖိုးအပေါ်တွင် ကောက်ခံရန် သတ်မှတ်ထားသော ရာခိုင်နှုန်းကိုဆိုသည်။ ထို့ပြင်ယင်းစကားရပ်တွင် ဤဥပဒေအရ အကောက်ခွန်စည်းကြပ်ထိုက်သည့် ကုန်ပစ္စည်း၏အရေ

အတွက်၊ အလေးချိန် သို့မဟုတ် အတိုင်းအထွာပေါ်တွင် ကောက်ခံရန် သတ်မှတ်သည့်နှုန်းလည်း ပါဝင်သည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်။

## အခန်း(၂)
## အကောက်ခွန်နှုန်းသတ်မှတ်ခြင်း

၃။ ကုန်းကြောင်းဖြင့်ဖြစ်စေ၊ ရေကြောင်းဖြင့်ဖြစ်စေ၊ လေကြောင်းဖြင့်ဖြစ်စေ မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံသို့ ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ -

(က) အကောက်ခွန်စည်းကြပ်ထိုက်သည့် ကုန်ပစ္စည်း အမျိုးအမည်များနှင့် အမျိုးအစားများကို သတ်မှတ်နိုင်သည်။ ထို့ပြင် ကုန်ပစ္စည်းတစ်ခုခုကို အကောက်ခွန်စည်းကြပ်ထိုက်သည့် စာရင်းမှပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းလည်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က)အရ သတ်မှတ်ရာတွင် ကုန်ပစ္စည်းတစ်ခုချင်း၏ အရည်အသွေးကို ခွဲခြားသတ်မှတ်နိုင်သည်။ ယင်းအရည်အသွေး သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အဆင့်လျှော့ချခြင်း၊ အဆင့်တိုးမြှင့်ခြင်း ပြုလုပ်နိုင်သည်၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) အရ အကောက်ခွန်စည်းကြပ်ထိုက်သည့် ကုန်ပစ္စည်းများအပေါ် အကောက်ခွန်တန်ဖိုးကို သတ်မှတ်နိုင်သည်။ ယင်းသို့ သတ်မှတ်သည့် အကောက်ခွန်တန်ဖိုးကို လျှော့ချခြင်း၊ တိုးမြှင့်ခြင်း ပြုနိုင်သည်၊

(ဃ) အကောက်ခွန်တန်ဖိုးအပေါ် အခြေပြု၍ အကောက်ခွန်နှုန်းကို သတ်မှတ်နိုင်သည်။ ယင်းသို့ သတ်မှတ်သည့် အကောက်ခွန်နှုန်းကို လျှော့ချခြင်း၊ တိုးမြှင့်ခြင်းပြုနိုင်သည်။

၄။ ဝန်ကြီးသည် ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ အကောက်ခွန်နှုန်း သတ်မှတ်ရာတွင် နယ်စပ်ဒေသမှ ပြည်ပသို့ တင်ပို့သည့် ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အမိန့်

ကြော်ငြာစာထုတ်ပြန်၍ သီးခြားလျှော့ပေါ့သော နှုန်းထားဖြင့် အကောက်ခွန်နှုန်း သတ်မှတ်နိုင်သည်။ ယင်းသို့ သတ်မှတ်သည့် အကောက်ခွန်နှုန်းကို လျှော့ချခြင်း၊ တိုးမြှင့်ခြင်းပြုနိုင်သည်။

## အခန်း(၃)
## အကောက်ခွန်စည်းကြပ်ကောက်ခံခြင်း

၅။ ပုဒ်မ ၃ နှင့် ပုဒ်မ ၄ အရ အကောက်ခွန် စည်းကြပ်ထိုက်သည့် ကုန်ပစ္စည်းများကို အမျိုးအစားနှင့် အရည်အသွေးအလိုက် သတ်မှတ်ထားသည့် အကောက်ခွန်တန်ဖိုး၏ အကောက်ခွန်နှုန်းအတိုင်း အကောက်ခွန်ဦးစီးဌာနက စည်းကြပ်ကောက်ခံရမည်။

၆။ (က) မြန်မာနိုင်ငံ၏ အကောက်ခွန်ဆိပ်တစ်ခုခုတွင် ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံခြင်းပြုလုပ်ပြီးသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အခြား အကောက်ခွန်ဆိပ်တစ်ခုခုမှ ထပ်မံ၍ အကောက်ခွန်စည်းကြပ်ကောက်ခံခြင်း မရှိစေရ၊

(ခ) ပုဒ်မခွဲ(က)အရ အကောက်ခွန်စည်းကြပ်ကောက်ခံခြင်းပြုရာတွင် လျော့နည်း စည်းကြပ်ကောက်ခံထားကြောင်း စိစစ်တွေ့ရှိရပါမူ ပေးဆောင်ရန် ကျန်ရှိသော အကောက်ခွန်ကို သက်ဆိုင်သူထံမှ ထပ်မံစည်းကြပ်ကောက်ခံနိုင်ခွင့်ရှိသည်။ အကယ်၍ စည်းကြပ်ကောက်ခံရန် ရှိသည်ထက်ပိုပြီး စည်းကြပ်ကောက်ခံထားကြောင်း တွေ့ရှိလျှင်လည်း ပိုမိုစည်းကြပ်ကောက်ခံထားသည့် အကောက်ခွန်ကို သက်ဆိုင်သူသို့ ပြန်လည်ထုတ်ပေးရမည်။

## အခန်း(၄)
## ကင်းလွတ်ခွင့်ပြုခြင်း

၇။ နိုင်ငံတော်၏အကျိုးငှာ အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဝန်ကြီးသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အကောက်ခွန် ကောက်ခံခြင်းမှ တစ်စိတ်တစ်ဒေသဖြစ်စေ၊ လုံးဝဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံသို့ ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းအမျိုးအမည်နှင့် အမျိုးအစား၊

(ခ) အစိုးရဌာန တစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံသို့ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းအမျိုးအမည်နှင့်အမျိုးအစား။

## အခန်း(၅)
## အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံခြင်း

၈။ ဝန်ကြီးသည် ပုဒ်မ ၃ နှင့် ပုဒ်မ ၄ အရ ဆောင်ရွက်ချက်များကို အစိုးရအဖွဲ့သို့ ဆောလျင်စွာတင်ပြ၍ အတည်ပြုချက် ရယူရမည်။

၉။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ လိုအပ်သလို ဆက်လက် ဆောင်ရွက်ရမည်။

## အခန်း(၆)

## အယူခံခြင်း

၁၀။ ပုဒ်မ ၅၊ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၁၂ အရ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၁၁။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၇)

## အထွေထွေ

၁၂။ ကုန်ပစ္စည်းတစ်ခုခုသည် မည်သည့်နိုင်ငံမှ ထုတ်လုပ်သည့် သို့မဟုတ် ပြုလုပ်သည့် ကုန်ပစ္စည်းဖြစ်ကြောင်းကို အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ခွင့်ရှိသည်။

၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

၁၄။ ၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်နှုန်း အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။